# မြော်လင့်ခြင်းမြန်မာသတင်း

Adventist Myanmar News

မေလ–နိုဝင်ဘာလ ၊ ၂၀၂၄ခုနှစ်


## မြန်မာပြည်လုံးဆိုင်ရာ The Living Hope Myanmar ဝိညာဉ်ရိတ်သိမ်းခြင်း



မြန်မာပြည်လုံးဆိုင်ရာ The Living Hope Myanmar ဝိညာဉ်ရိတ်သိမ်းခြင်းအစီအစဉ်အား First Wave, Second Wave, Third Wave စီမံချက်ဖြင့် သာသနာဆောင်ရွက်ခဲ့ရာတွင် ၂၀၂၄ခုနှစ် ၊ ဒီဇင်ဘာလ (၂၀) ရက်နေ့စာရင်းများအရ ဝိညာဉ်စုစုပေါင်း(၂၃၀၄)ဦးအား ရိတ်သိမ်းခဲ့ပါသည်။ မြန်မာပြည်လုံးဆိုင်ရာသာသနာပြုခေါင်းဆောင်ကြီးများနှင့် နယ်အသီးသီးရှိ အသင်းတော်တိုင်း၊ သာသနာအလုပ်အမှုဆောင်တိုင်းတို့၏ ပါဝင်ဆက်ကပ်မှုအား မြန်မာယူနီယံအသင်းတော်ဌာနချုပ်မှ အထူးကျေးဇူးတင်ပါကြောင်း ကောင်းချီးမင်္ဂလာမှတ်တမ်းပြုအပ်ပါသည်။








## Ministrial Spouses Association Seminar



၂၀၂၄ခုနှစ်၊ ဇွန်လ၄-၅ရက်နေ့အထိ အလယ်ပိုင်းတိုင်း၊ တောင်ငူမြို့ရှိ အသင်းတော်ဘုရားကျောင်း၌ Ministrial Spouses Association Seminar အစီအစဉ်အား မြန်မာယူနီယံကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ချိုချိုပေါလ်နှင့် အလယ်ပိုင်းတိုင်း၊ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ဂွန်နောတို့မှ ဦးဆောင်၍ ပြုလုပ်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် အလယ်ပိုင်းတိုင်းရှိ တာဝန်ရှိသောဆရာမများမှတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

## ကျောက်တိုင်မွေကျမ်းစာကျောင်းဆက်ကပ်ပွဲ





ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကျောက်တိုင်ရွာတွင် ဓမ္မကျမ်းစာကျောင်းဆောင်တစ်ဆောင်အား ဆောက်လုပ်ပြီးစီးသောကြောင့် ကျောင်းဆက်ကပ်ခြင်းအစီအစဉ်အား အလယ်ပိုင်းတိုင်း ဥက္ကဌကြီး ပါစတာ ဦးကလူမူးပေါလ်မှ ဦးဆောင်၍ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့တွင် တာဝန်ရှိဆရာ/မများနှင့်ကျောင်းသူ/သားများပါဝင်လျက် ဆက်ကပ်ခဲ့ကြသည်။







## သီချင်းဆိုပြိုင်ပွဲ

အလယ်ပိုင်းတိုင်း၊ လူငယ်ဌာနမှကြီးမှူးကျင်းပသော "ယဇ်ပလ္လင်သို့ပြန်သွားရန်"ခေါင်းစဉ်ဖြင့် အသင်းတော်အလိုက် သီချင်းဆိုပြိုင်ပွဲအား ကျောက်တိုင်သာသနာနယ်၊ ငွေတောင်လေးအသင်းတော်တွင် ၂၀၂၄ခုနှစ်၊ဇူလိုင်လ (၂၀) ရက်နေ့တွင် အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။

## MSA နှင့် ChM အစီအစဉ်



Ministrial Spouses Association နှင့် **Children Ministrial leadership Certification Level (8)** သင်တန်းဆင်းပွဲအစီအစဉ်အား ၂၀၂၄ခုနှစ်၊ ဂျွန်လ၂၅-(၂၇) ရက်နေ့အထိ အထက်မြန်မာပြည်၏ ကလေးသာသနာနယ်တွင် မြန်မာယူနီယံမှကလေးများသာသနာဌာနညွှန်ကြားရေးမှူးဆရာမကြီးဒေါ်ချိုချိုပေါလ်နှင့် အထက်မြန်မာပြည်၏ ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်နွန်းတို့မှ ဦးဆောင်ပြုလုပ်ခဲ့ပြီး ကလေးသာသနာနယ်ရှိ အမှုတော်ဆောင်ဆရာမများမှ သင်တန်းတက်ရောက်ခဲ့ကြသည်။

## ကလေးတရားပွဲ





အလယ်ပိုင်းတိုင်းသာသနာ၊ မိုင်းဆတ်နယ်၊ (၆)မိုင်ရှိ၊ ခါနန်မွေကျမ်းစာကျောင်း၏ ကလေးတရားပွဲအစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဂျွန်လ၂၄-၂၉ရက်နေ့အထိ အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့သည်။

## ကျောင်းစစ်ဆေးခြင်းအစီအစဉ်

ဧရာဝတီတိုင်းရှိ ၊ မြောင်းမြအနောက်ကုန်း ဓမ္မတက္ကသိုလ်ကျမ်းစာကျောင်းတွင် **AAA Evaluation Team** ၏ ကျောင်းစစ်ဆေးခြင်းအစီအစဉ်ကို ၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၁၃-၁၆)ရက်နေ့အထိ **AAA Evaluation Team** အဖွဲ့ခေါင်းဆောင် **Dr.Hudson E Kibuuka** မှဦးဆောင်၍ အဖွဲ့သားများဖြစ်သော **Dr.Bienvenido Mergal (Director of Education, SSD), Dr. Canadian Panjaitan (Associate Director of Education,SSD), Mr. Joseph Allen Deblois (Associate Treasurer, SSD), Ms. Parlyn, Dr. Chun Yin Mark, Pr. Morris Chit (Director of Education, MYUM)** တို့မှ ပြုလုပ်ခဲ့ကြောင်းသိရှိရသည်။





## AIJ နှင့် BTTA Training



AIJ (Alive in Jesus)နှင့် BTTA (Back to the Altar) သင်တန်းအား အရှေ့တောင်တိုင်းရှိ မော်လမြိုင်အသင်းတော်၌ ဩဂုတ်လ (၉)ရက်နေ့တွင်လည်းကောင်း၊ ဘုရားကုန်းအသင်းတော်၌ ဩဂုတ်လ (၁၀)ရက်နေ့တွင်လည်းကောင်း၊ ရေပူအသင်းတော်ဘုရားကျောင်း၌ ဩဂုတ်လ(၁၁)ရက်နေ့တွင်လည်းကောင်း အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။ ၄င်းသင်တန်းအား မြန်မာယူနီယံကလေးများသာသနာဌာနမှ ဆရာမကြီးဒေါ်ချိုချိုပေါလ်၊ အရှေ့တောင်တိုင်းရှိကလေးများသာသနာဌာနမှ ဆရာမကြီးဒေါ်ရှယ်ရွှန်စိန်နှင့် အရှေ့တောင်တိုင်း ကျန်းမာခြင်းသာသနာဌာန ညွှန်ကြားရေးမှူး ပါစတာဦးယောဟန်တို့မှ ပါဝင်ဦးဆောင်သွားခဲ့ကြသည်။



## ၃ရက်တာ ကျမ်းစာသင်တန်းပြုလုပ်ခြင်း

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၅-၁၇ရက်နေ့အထိ (၃) ရက်တာကျမ်းစာသင်တန်းအား ရန်ကုန်တိုင်း၊ ရေကျော်ကျေးရွာတွင်ပြုလုပ်ခဲ့သည်။ ၄င်းကျမ်းစာသင်တန်းတွင် ဆရာကြီး ဦးလယ်မူးအေး၊ ဆရာကြီးဦးကျော်ဆန်းဝင်းနှင့် ဆရာကြီးဦးအောင်မြင့်သိန်းတို့မှဦးဆောင်သင်တန်းပေးခဲ့သည်။ ၄င်းသင်တန်းတွင် ရွာသူ/သား(၂၃)ဦးတက်ရောက်ခဲ့ရာ ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် (၂)ဦးယုံကြည်လက်ခံ၍ ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်။

## သာသနာပြု နေရာချထားခြင်း



ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်ရှိ၊ ရေနံတောင်အသင်းတော်တွင် ဓမ္မဆရာချထားရေးအစီအစဉ်ကို ဩဂုတ်လ ၆ရက်၊ ၂၀၂၄ခုနှစ်၌ ပြုလုပ်ခဲ့သည်။ ၄င်းအစီအစဉ်တွင် ဓမ္မဆရာဖြစ်သော ဆရာဦးကျော်စိုးနှင့်ဇနီးဖြစ်သူ ဆရာမအေးအေးအောင်တို့အား ဧရာဝတီတိုင်း၏ ဥက္ကဌ ပါစတာဦးအေဝမ်းသိန်း၊ အတွင်းရေးမှူး ပါစတာဦးလေးမူးကျော်၊ ပါစတာဦးမိုးဝင်း၊ ပါစတာဦးဇီးရာနှင့် ပါစတာ ဦးလန်းထန်တို့မှ ဆက်ကပ်ဆုတောင်းပေးခဲ့ကြသည်။

## The Living Hope တတိယလှိုင်းအတွက် ဆွေးနွေးတိုင်ပင်ခြင်း

ရန်ကုန်တိုင်းရှိ ဥက္ကဌကြီး ပါစတာဦးမောင်မောင်ဌေးနှင့် ပါစတာဦးရိုးလန်းသန်းတို့မှဦးဆောင်၍ ရန်ကုန်တိုင်းရှိ အလုပ်အမှုဆောင်များစုရုံးကာ The Living Hope Myanmar တတိယလှိုင်းအတွက်၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။





## မွေဆရာ နေအိမ်သစ် ဆက်ကပ်ခြင်း



ဧရာဝတီတိုင်း၊ အရှေ့ပုသိမ်သာသနာနယ်၊ ရွာပန်းကုန်းအသင်းတော်၏ ဓမ္မဆရာနေအိမ်သစ်ဆက်ကပ်ခြင်းအစီအစဉ်အား ဧရာဝတီတိုင်းဥက္ကဌကြီးပါစတာဦးအေဝမ်းသိန်း ဦးဆောင်၍ ဓမ္မအမှုတော်ဆောင်များမှ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့၌ ဆက်ကပ်ပေးခဲ့ကြသည်။

## AIJ and Children Leadership certification level 7



**Alive In Jesus** အစီအစဉ်နဲ့ **Children Leadership certification level 7** သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်းအစီအစဉ်ကို မြန်မာယူနီယံ ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ချိုချိုပေါလ်နှင့်ရန်ကုန်တိုင်း ကလေးများသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ဆောင်းဝေဝေတို့မှ ဦးဆောင်၍ရန်ကုန်တိုင်း၊ မှော်ဘီအသင်းတော်နှင့် သာယာဝတီအသင်းတော်တို့တွင်၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၆-၂၇ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

## ဘုရားသခင်၏ကျေးဇူးတော်ကြောင့် မြန်မာပြည်လုံးဆိုင်ရာ သာသနာလုပ်ငန်းမှ ဝိညာဉ်ရိတ်သိမ်းခြင်းအစီရင်ခံလွှာအား အောက်ပါအတိုင်းတင်ဆက်လိုက်ပါသည်။

Living Hope Myanmar Baptism Record

| No | Missions | First Wave | Second Wave | Third Wave | Total |
|---|---|---|---|---|---|
| 1 | Ayeyarwady Mission | 251 | 239 | 180 | 670 |
| 2 | Central Myanmar Mission | 76 | 270 | 176 | 522 |
| 3 | Southeast Mission | 78 | 58 | 80 | 216 |
| 4 | Upper Myanmar Mission | 240 | 186 | 231 | 657 |
| 5 | Yangon Mission | 46 | 111 | 82 | 239 |
| | Total | 691 | 864 | 749 | 2304 |

## COMBINED DEPARTMENTAL SEMINAR



Family Ministries, Sabbath School/Personal Ministry and Health Ministries ဌာနမှ (၃)ခုပေါင်း၍ အရှေ့တောင်တိုင်းရှိနယ်ခြားအသင်းတော်၌ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၇-၂၈ရက်နေ့အထိ COMBINED DEPARTMENTAL SEMINAR အစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ၄င်းအစီအစဉ်တွင် အသင်းလူကြီးများ၊ အသင်းတော်မှ အမျိုးသမီးခေါင်းဆောင်များနှင့် မိသားစုသာသနာဌာနမှ ခေါင်းဆောင်များ စုစုပေါင်း (၄၅)ဦး တက်ရောက်ခဲ့သည်။




# PARL Evangelistic Meeting

မြန်မာယူနီယံမှ ပြည်သူ့ရေးရာနှင့် ဘာသာရေးလွတ်လပ်ခွင့်ညွှန်ကြားရေးမှူး ပါစတာဦးတိန့်ဆောင်နှင့် **SSD PARL Director Pr. Nelson Paulo**တို့ဦးဆောင်ပြုလုပ်ခဲ့သည့် **PARL Evangelistic Meeting** အစီအစဉ်ကို ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့တွင် ရန်ကုန်မြို့ရှိ **Summit Parkview Hotel**၌ အောင်မြင်စွာဖြင့် ပြုလုပ်ကျင်းပခဲ့သည်။ ထိုအစီအစဉ်၌ **SSD PARL Department**မှ တာဝန်ရှိသူများ၊ မြန်မာယူနီယံမှ သိက္ခာတော်ရဆရာကြီးများ၊ အစိုးရတာဝန်ရှိလူကြီးမင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အထူးဧည့်သည်တော်များ စုစုပေါင်း အယောက် (၈၀)ပါဝင်တက်ရောက်ခဲ့ကြသည်။

## ဧရာဝတီတိုင်း၊ ဟသ်တနယ်တွင်ပြုလုပ်ခဲ့သည့် သာသနာ့လှုပ်ရှားမှု

ဧရာဝတီတိုင်း ၊ဟသ်တမြောက်ပိုင်းသာသနာနယ်၏နယ်စီး **Pr .U Lantern**နှင့်အတူ ဆရာ/မအချို့တို့သည် ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ (၈)ရက်နေ့၌ ထူးကြီးမြို့၊ ကျားသေကျေးရွာ ၊ ဖန်ခါးကျေးရွာတွင်ရှိသည့် အသင်းသားများအိမ်သို့ သွားရောက်လည်ပတ်မိတ်သာဟာယဖွဲ့ခြင်း၊ ဆုတောင်းပေးခြင်းများပြုလုပ်ပေးခဲ့သည့်အပြင် တစ်ဦးတည်းနေထိုင်နေရသော အဖွားဒေါ်လှခင်အားကူညီပြုစုပေးခဲ့ပါသည်။ ထို့အပြင် **The Living Hope Myanmar** တတိယလိုင်းအတွက် ဖန်ခါးကျေးရွာ၌ **ground preparation** (မြေပြင် ပြင်ဆင်မှုများ)လည်း ပြုလုပ်ခဲ့ကြသည်။





## ဧရာဝတီတိုင်းသာသနာတွင် ပြုလုပ်ခဲ့သော မိသားစုတရားပွဲအစီအစဉ်

၂၀၂၄ခုနှစ်၊ နိုဝင်ဘာ ၅-၁၁ရက်နေ့အထိတွင် ဧရာဝတီတိုင်းသာသနာ၊ မအူပင်နယ်၊ ကဇင်းငူအသင်းတော်၌ ဧရာဝတီတိုင်း၊ အမျိုးသမီးနှင့်မိသားစုသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ကြူကြူအေးနှင့်အတူ မအူပင်သာသနာနယ်စီး ပါစတာဦးဝင်းမြင့်ချစ်၊ ဆရာတိုးချစ်သောင်း၊ ဆရာရီလောင်း၊ ဆရာမရဲလာ၊ ဆရာမဖောရှီးတို့မှ မိသားစုနှင့်ပတ်သက်သောသတင်းစကားများအား ဝေငှပေးခဲ့ပြီး ၄င်းတရားပွဲတွင် နွေလမ်းစုအသင်းတော်၊ အစုကြီးအသင်းတော်နှင့် ကဇင်းငူအသင်းတော်ရှိ အသင်းသူ/သားများတက်ရောက်ခဲ့ကြသည်။



## သခင်ကျွန်ုပ်ကိုပုံသွင်းပါ သာသနာဓာဆောင်းပါး

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်သည် သေလုမျောပါးဖြစ်နေသော ဤကမ္ဘာကို ထာဝရဧဝံဂေလိတရားဟောကြားဖို့ အထူးရည်ရွယ်ပြီး ဘုရားသခင်ရွေးချယ်ထားသည့် အထူးကိုယ်စားလှယ်ဖြစ်ပါသည်။ ထို့ပြင်မက ဘုရားသခင်၏ အံ့ဖွယ်မဟာမေတ္တာတော်ကို အံ့ဖွယ်ကောင်းသော ဧဝံဂေလိတရားတော်ဖြင့် မိတ်ဆက်ကာ လူသားများထံရောက်ရှိဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ခေါ်ထားခြင်းဖြစ်ကြောင်း အသိသတိပေးထားသည်။ ဤအရာသည် လူတွေကို ဘုရားသခင်၏နိုင်ငံတော်အဖြစ်မှန်အကြောင်း အမြဲတမ်းအသစ်ကိုရှာဖွေတွေ့ရှိစေရန်ဖြစ်သည်။ မြော်လင့်ခြင်းအသင်းတော်သည် သာသနာလုပ်ဆောင်မှုပုံစံပြောင်းလဲနေသော်လည်းလုပ်ဆောင်ချက်များ ဒီအတိုင်းပင်ဖြစ်ပါသည်။ အချုပ်ပြောရရင်တော့ ကျွန်ုပ်တို့၏အသင်းတော် သာသနာစိတ်ဓါတ်သည် **"Lord Transform me (LTM)"** (သခင်ပြုပြင်ပုံသွင်းတော်မူပါ)ဟုရွေးချယ်ဖို့ဖြစ်ပါသည်။ ဤလမ်းညွှန်ဆောင်ပုဒ်ဖြင့် **Mission Focus** (သာသနာပစ်မှတ်အာရုံစိုက်ခြင်း) ကို မောင်းနှင်ရန်ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်၏သာသနာသည် အကြောင်းအရာအလိုက်ချည်မျှင်ကဲ့သို့ဖြစ်နေရမည်။ ချည်မျှင်နှင့်ချည်မျှင်တို့၌ချည်နှောင်ထားခြင်းသည်အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့၏အပြောနှင့်နေမှုပုံစံများကိုလက်တွေ့သရုပ်ပြနိုင်ရပါမည်။ သာသနာချည်မျှင်ဝိညာဉ်တော်ဆောင်သောသူ၊ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုလှုံ့ဆော်ပေးသောသူနှင့် သာသနာပြုသောလူတွေမှာ ဆုတောင်းအားကောင်းရမည်။ ကျွန်ုပ်တို့၏သာသနာတွင် ရည်ရွယ်ချက်ရှိရှိ ပေါင်းစပ်ထားသည်။ အပြစ်ကမ္ဘာအတွက်၊ အပြစ်သားများအတွက် ကျွန်ုပ်တို့၏နေ့စဉ်နှလုံးသားသည် ငိုကြွေးသံဖြစ်ရမည်။

"သခင်က ကျွန်ုပ်တို့ကို ပြောင်းလဲစေတယ်။ သခင်က ကျွန်ုပ်တို့ကိုအသုံးပြုတယ်"ဟု သာသနာအားမာန်ရှိရမည်။ ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့တစ်ခုခုကိုမလုပ်နိုင်ခင်တစ်ခုခုဖြစ်နေရမည်။ **As Seventh - day Adventist Christians, we must be something before we can do something** အသင်းသူ/သားတစ်ဦးစီသည် နေ့စဉ်ဘုရားသခင်၏ သာသနာ့နှလုံးသားကိုရှာဖွေနေရမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် စိတ်အားထက်သန်စွာဖြင့် ကျွန်ုပ်တို့၏နှလုံးသားအား "သခင်ဖြစ်ပါစေသော ကျွန်ုပ်တို့ကိုအသွင်ပြောင်းပါ" ကျွန်ုပ်တို့ကို မြင့်မြတ်သောသာသနာလူအဖြစ် ဖန်တီးပါဟုစာငတ်တောင့်တသင့်သည်။ ကျွန်ုပ်တို့ကို ပိုကောင်းအောင်လုပ်ပါ။ ပိုကောင်းတဲ့သင်းအုပ်ဆရာ၊ ပိုကောင်းတဲ့တရားဟောဆရာ၊ ပိုကောင်းတဲ့ခရစ်ယာန်၊ ပိုကောင်းတဲ့အသင်းသူ/သားနှင့်ပိုကောင်းတဲ့လူဖြစ်စေပါ၊ ပုံသွင်းပါ၊ အသုံးပြုပါဟု ယခုပင်ဆန္ဒပြုသင့်ပါသည်။ ပြောင်းလဲသောခရစ်ယာန်သည် ဝိညာဉ်ရေးကိုယ်ကျင့်တရားဆိုင်ရာသက်သေဖြစ်ရမည်။ ကိုယ်တိုင်သက်သေထူခြင်းသည် လက်တွေ့ကျသောသာသနာဖြစ်သည်။ ဒါပေမယ့် "ငါ့ကိုသခင်အသွင်ပြောင်း"ရုံတင်မက၊ ဆုတောင်းခြင်း၊ သာသနာပြုခြင်းနှင့် နေထိုင်မှုပုံစံဖြစ်ရန်၊ ဗျူဟာဖြစ်စေပါ။ ဘုရားသခင်၏(ခရစ်ယာန်)နိုင်ငံသားဆိုသည်မှာ လုပ်ပိုင်ခွင့်၊ ရွေးချယ်ခွင့်သက်သက်မဟုတ်ဘဲ ခရစ်တော်၏စစ်မှန်သောတပည့်ဖြစ်ခြင်းကို အလေးအနက်ထား၍ခေါ်ခြင်းဖြစ်သည်။ သခင်ယေရှုခရစ်တော်၌ မရှိမဖြစ်လိုအပ်သောအရာသည် ကယ်တင်ခြင်းခံရသူတိုင်းမှာ အသင်းသားတိုင်းပါဝင်အမှုတော်တွင်ဖြစ်သည်(**TMI**)။ စီမံခန့်ခွဲသူတိုင်း၊ ဒါရိုက်တာတိုင်း၊ ရုံးဝန်ထမ်း၊ သင်းအုပ်ဆရာ/မတိုင်း၊ ဝန်ကြီးဌာနတိုင်း၊ ဌာနတိုင်း၊ အဖွဲ့အစည်း၊ အဖွဲ့ဝင်တိုင်း၊ အလုပ်သမားတိုင်း ဘုရားသခင်၏ပုံသွင်းခံ(ကယ်တင်ခြင်းခံရသူတိုင်း) သာသနာကိုယ်စားလှယ်ဖြစ်လာရမည်။ လူပုဂ္ဂိုလ်များ၊ အစီအစဉ်များနှင့်ပရိုဂရမ်များကိုရည်ရွယ်ချက်ရှိရှိဖြင့်အကောင်အထည်ဖော်နိုင်ရမည်။ ထို့ကြောင့် ဤကဲ့သို့သော သာသနာပြုအသက်တာအသွင်ပြောင်းဖို့ အားလုံးကိုစိန်ခေါ်မှုယူစေလိုပါသည်။ ကျွန်ုပ်တို့သည် အခြားသူများအားပြောင်းလဲနိုင်သည်။ "သခင် ကျွန်ုပ်ကိုပုံသွင်းပါ" **Lord Transform** သည် ကျွန်ုပ်တို့အား မည်သူဖြစ်သည်ကို သတ်မှတ်နိုင်ပါသည်။

ရေးသားသူ - အယ်ဒီတာ
(သိက္ခာတော်ရဆရာဦးတိန့်ဆောင်၊ သာသနာဆက်သွယ်ရေးညွှန်ကြားရေးမှူး၊
မြန်မာယူနီယံသာသနာအဖွဲ့ချုပ်၊ ရန်ကုန်)။

---

## မြန်မာပြည် သတ္တမနေ့အသင်းတော်၏ ရှေ့ဦးယုံကြည်သူများအကြောင်းတစေ့တစောင်း

## ဦးမောင်မောင်အကြောင်း




U Mg Mg & Daw Aye Mai, 1st Ordained Minister

ဦးမောင်မောင်သည် မြန်မာပြည်၏ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်တည်ထောင်ရန် အဦးဆုံးသောအုတ်မြစ်ချခဲ့သူဖြစ်သည်။ ဦးမောင်မောင်အကြောင်း ပြောမည်ဆိုလျှင် ပထမဦးဆုံး သူ၏အစ်မဖြစ်သူ မမေအကြောင်းကို အရင်ပြောမှပြည့်စုံမည်ဖြစ်သည်။ မမေသည် မြန်မာပြည်တွင် ပထမဦးဆုံးသောသတ္တမနေ့၌ဥပုသ်စောင့်သော အမျိုးသမီးဖြစ်ပါသည်။ အခြားသောတိုင်းပြည်များတွင် စနေနေ့ (သတ္တမနေ့) ကို ဥပုသ်နေ့အဖြစ်စောင့်သောအသင်းတော်ရှိကြောင်း သူမလုံးဝမသိခဲ့ပါ။ သူမသည် ခရစ်ယာန်ဖြစ်လာခဲ့သောနေ့မှစ၍ ကျမ်းစာကိုသေချာဖတ်ရှုလေ့လာရင်း သတ္တမနေ့သည် ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်တော်မူသည်ဟူသောအချက်ကို ယုံကြည်လက်ခံ၍၁၉၀၀ခုနှစ်တွင် ပထမဦးဆုံးသူမတစ်ဦးတည်းသာမြန်မာပြည်တွင် စနေနေ့ဥပုသ်နေ့ကို စတင်စောင့်နေခဲ့ခြင်းဖြစ်သည်။ ၁၉၀၂ခုနှစ်တွင် မြန်မာပြည်သို့ သတ္တမနေ့ဥပုသ်အသင်းတော်၏ဓမ္မစာပေဖြန့်ချိရေးအမှုတော်ဆောင်နှစ်ဦးဖြစ်သော **H.B. Meyers and Watson** တို့ရောက်ရှိလာခဲ့ကြပြီး ထူးဆန်းစွာပင် ထိုမမေရှိသည့် မော်လမြိုင်မြို့သို့ရောက်ရှိသွားကာ မမေနဲ့ ဆုံတွေ့ခဲ့ကြသည်။ မမေသည် ကမ္ဘာပေါ်တွင် သူမအပြင် သတ္တမနေ့ဥပုသ်စောင့်သူများရှိနေကြောင်း ထိုဆရာနှစ်ဦးတို့ထံမှ ကြားသိရသည့်အခါ၌ အလွန်ပင်ဝမ်းမြောက်ခဲ့ပါသည်။ ထိုနောက် မမေသည် ထိုဆရာနှစ်ဦးတို့ကို သူမ၏မောင်ဖြစ်သောမောင်မောင်သည် ရန်ကုန်မြို့တွင် အစိုးရတာဝန်ထမ်းဆောင်လျက်ရှိကြောင်း မိတ်ဆက်ပေးလိုက်ပါသည်။ ဆရာကြီး **H.B. Meyers and Watson** တို့လည်း မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့အရောက်သွားကာ မောင်မောင်နှင့်တွေ့ဆုံ၍ ကျမ်းစာကို ဆွေးနွေးခွင့်ရခဲ့ကြပါသည်။ မောင်မောင်သည် ကျမ်းစာလေ့လာရင်း သတ္တမနေ့ဥပုသ်အမှန်ကို လက်ခံယုံကြည်လာသဖြင့် သူ၏အလုပ်(အစိုးရဝန်ထမ်း )မှ နှုတ်ထွက်လိုက်သည်။ (၂)နှစ်တိတိမိမိ၏ကိုယ်ပိုင်အလုပ်လုပ်ကိုင်ပြီး မြန်မာပြည်၌ သတ္တမနေ့ဥပုသ်အသင်းသာသနာစတင်ဖို့ (၁၉၀၄ခုနှစ်)တွင် သာသနာပြုများကို ကြိုးစားဖိတ်ခေါ်ခဲ့ပါသည်။ ထိုနောက် သူ့အားဖြင့် မြန်မာပြည်တွင် ခရစ်တော်ကိုမြော်လင့်သော သတ္တမနေ့အသင်းတော်သာသနာစတင်ထွန်းကားလာခဲ့ခြင်းဖြစ်ပါသည်။

ပြန်လည်ရေးသားတင်ဆက်သူ - အယ်ဒီတာ **(Pr.TS,MYUM)**

# စောသာမြိုင် (၁၈၇၄–၁၉၅၄)



စောသာမြိုင်သည် ဓမ္မစာပေ (ဝိညာဉ်တော်စာပေ) စာအုပ်များ ၁၉၁၇ ခုနှစ်တွင် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်သို့ နှစ်ဆောင်တစ်ဦးဖြစ်လာခဲ့ပါသည်။ (၁၉၂၇) ခုနှစ်တွင် လက်တင်အလယ်ပိုင်းတိုင်းသာသနာနယ်နှင့်ဧရာဝတီတိုင်းသာသနာနယ်သစ်လည်း ထူထောင်ခဲ့သူဖြစ်သည်။ အသက် (၈၀)တွင် ခရီးကွယ်လွန်သွားခဲ့ပါသည်။ သူ၏သမီး (၅) ယောက်လည်းခရစ်ဘုရားသခင်၏ သာသနာအမှုတော်ကို ထမ်းဆောင်ခဲ့ကြပါသည်။

ကိုဖတ်ရှုပြီး ဥပုသ်နေ့အမှန်ကိုသိရှိလာခဲ့သူဖြစ်သည်။ ခြင်းခံခဲ့ပါသည်။ ထို့နောက်တွင် သာသနာအမှုတော်မင်္ဂလာရဓမ္မဆရာတစ်ဦးဖြစ်လာခဲ့ပါသည်။ သူသည်တို့တွင် သာသနာပြုခဲ့သူဖြစ်သည်။ အသင်းတော်အသွားစဉ်ကားတိုက်မိ၍ ပြင်းထန်ဒဏ်ရာများကြောင့်တော်ကို မြော်လင့်သောသတ္တမနေ့အသင်းတော်တွင်

(ပြန်လည်ရေးသားတင်ဆက်သူ - အယ်ဒီတာ (**Pr. TS, MYUM**)

## အရှေ့တောင်တိုင်းရှိ အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးခြင်း



အရှေ့တောင်တိုင်းရှိ ရေပူအသင်းတော် ဘုရားကျောင်း၌ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၄-၂၅ရက်နေ့အထိ အရှေ့တောင်တိုင်းရှိ အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးခြင်းအစီအစဉ်ကို အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် မြန်မာယူနီယံမှ ဓမ္မရေးရာနှင့် စုပေါင်းသာသနာပြု ဌာနညွှန်ကြားရေးမှူး ပါစတာ ဦးကပ်လျန်းထန်၊ အရှေ့တောင်တိုင်းရှိ **Officer** များနှင့်ညွှန်ကြားရေးမှူးများ၊ နယ်စီးများ၊ အသင်းအုပ်ဆရာများ၊ ကျောင်းအုပ်များနှင့်ဘဏ္ဍာရေးမှူးများ အစီအစဉ်တွင် အမှုတော်မြတ်နှင့်ပတ်သက်၍ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

## ဧရာဝတီတိုင်းသာသနာနယ်တွင်ပြုလုပ်သည့် ဥပုသ်စာဖြေနှင့် ဝိညာဉ်တော်စာပေမြင့်တင်ရေး




၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ (၃၀) မှ အောက်တိုဘာလ (၂) ရက်နေ့အထိတွင်မအူပင်သာသနာနယ် ၊ မြဂိုးအသင်းတော်တွင်၄င်း၊ အောက်တိုဘာ (၃) မှ (၆)ရက်နေ့အထိတွင် ကျုံပျော်သာသနာနယ်ကျွန်းတောစုအသင်းတော်တွင်၄င်း၊ ဧရာဝတီတိုင်းသာသနာ၏ ဥပုသ်စာဖြေနှင့် ဝိညာဉ်တော်စာပေမြင့်တင်ရေးအစီအစဉ်ကို မြန်မာယူနီယံမှ ဥပုသ်စာဖြေနှင့်တစ်ဦးချင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးတင်မောင်ကြည်၊ ဓမ္မစာပေဖြန့်ချိရေးဌာနညွှန်ကြားရေးမှူး ပါစတာ ဦးသန်းအောင်ထွန်းနှင့် ဧရာဝတီတိုင်းမှ ဥပုသ်စာဖြေနှင့်တစ်ဦးချင်းသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဦးရန်ပိုင်မျိုးတို့မှ အသီးသီးသင်တန်းများပို့ချပေးခဲ့ရာ ဧရာဝတီတိုင်းရှိ မအူပင်နှင့် ကျုံပျော်သာသနာတွင်ရှိသောအမှုတော်ဆောင်များ၊ မြဂိုးအသင်းထောက်နှင့်အသင်းထောက်မယ်များ၊ အသင်းသူ/သားများ ပါဝင်တက်ရောက်ခဲ့ကြသည်။

## Health Screening အစီအစဉ်



**ASAP Medical Missionary** အဖွဲ့သားများနှင့် မြန်မာယူနီယံ ကျန်းမာခြင်းသာသနာဌာနတို့ စုပေါင်းကာ ကျန်းမာရေးစစ်ဆေးပေးခြင်း ၊ ကျန်းမာရေးနှင့်သက်ဆိုင်သော လူထုအသိပညာပေးဟောပြောခြင်းများကို ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့၌ ရန်ကုန်တိုင်း ၊ အရှေ့ဒဂုံအသင်းတော်ဘုရားကျောင်းတွင် အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။

## SSD Wide Master Guide Convention







၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃-၇ရက်နေ့အထိ GC နှင့် SSDမှ လူငယ်ဌာနညွှန်ကြားရေးမှူးများဦးဆောင်ကာပြုလုပ်ခဲ့သော **SSD Wide Master Guide Convention**အစီအစဉ်ကို မလေးရှားနိုင်ငံ **port Dickson** ၌ ပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များ အယောက် (၆၀၀) တက်ရောက်ခဲ့ကြသည်။ မြန်မာပြည်ကိုယ်စားလှယ်များအနေဖြင့် မြန်မာယူနီယံမှ ပါစတာဦးမန်ရှမ်းတွမ်နှင့် အဖွဲ့သူ/သားများလည်း တက်ရောက်ပါဝင်ခဲ့ကြသည်။

## ရှိုးမအနောက်သာသနာနယ်တွင် ပြုလုပ်သော အမျိုးသမီးခေါင်းဆောင်မှုသင်တန်း




အမျိုးသမီးခေါင်းဆောင်မှု သင်တန်းအမှတ်စဉ်(၁)ကို ဧရာဝတီတိုင်း ၊ အနောက်ရိုးမသာသနာနယ်၊ ငွေဆောင်ရွာသစ်အသင်းတော်၌ ဧရာဝတီတိုင်း၏ အမျိုးသမီးနှင့် မိသားစုသာသနာဌာနညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ကြူကြူအေးမှ ဦးဆောင်ကာ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၂၇-၂၈) ရက်နေ့အထိ အောင်မြင်စွာဖြင့်ပြုလုပ်ပြီးစီးခဲ့သည်။ ထိုသင်တန်းတွင် ရွာသစ်အသင်းတော်ရှိ အမျိုးသမီးများမှ တက်ရောက်ပါဝင်ခဲ့သည်။

## ဂုဏ်ပြုကျေးဇူးတင်လွှာ

မြစ်ကြီးနားမြို့၊ မလိခအသင်းတော်အတွက် အလျား (၁၃၉)ပေ၊ အနံ (၁၁၂)ပေရှိ မြေကွက်ကြီးအား ဘုရားသခင်၏အမှုတော်ကြီးမားကျယ်ပြန့်ဖို့ရန် သာသနာလုပ်ငန်းအတွက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် မြေလှူဒါန်းပေးခဲ့သော ဦးအောင်ဆန်းမင်းနှင့်ဇနီးဒေါ် ဘောမ်မျှော်မိသားစုအား အထက်မြန်မာပြည်၊ ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော်ဌာနချုပ်နှင့် မြန်မာယူနီယံအသင်းတော်ဌာနချုပ်မှ PGTS ဌာနမှလည်း ကျေးဇူးတင်ဂုဏ်ပြုလိုက်ပါသည်။






## Alive in Jesus သင်တန်း








ဧရာဝတီတိုင်းသာသနာ ၊ မြက်တိုအသင်းတော်ဌာနချုပ်၌၂၀၂၄ ခုနှစ်၊စက်တင်ဘာလ ၃၀-အောက်တိုဘာလ ၂ရက်နေ့အထိ မြန်မာယူနီယံမှ ကလေးနှင့်မိသားစုသာသနာဌာနညွှန်ကြားရေးမှူးဆရာမကြီးဒေါ်ချိုချိုပေါလ်မှဦးဆောင်ကာ **Alive in Jesus** သင်တန်းကို ဧရာဝတီတိုင်းရှိ ဥပုသ်စာဖြေကျောင်းဆရာများ၊ ဓမ္မဆရာဇနီးများတို့နှင့်အတူ အောင်မြင်စွာဖြင့်ပြုလုပ်ပြီးစီးခဲ့သည်။

## မြော်လင့်ခြင်းအသံ ရေဒီယို၏ Cottage meetingအစီအစဉ်







မြော်လင့်ခြင်းအသံရေဒီယိုမြန်မာပိုင်းအစီအစဉ်၏ ပရိုဂျူစာ ပါစတာဦးတင်မောင်ဆန်းနှင့် စကောကရင်အစီအစဉ်၏ ပရိုဂျူစာ ဆရာဦးအယ်ကတယ်တို့မှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၆ရက်မှ၁၉ရက်နေ့အထိတွင် အလယ်ပိုင်းတိုင်းသာသနာ(၇၇)မိုင်အသင်းတော်၌ **Cottage meeting** အစီအစဉ်ကို အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ပြီး မနက်ပိုင်းတွင် ကလေးများကျမ်းစာသင်ပေးခြင်းအစီအစဉ်ကိုလည်းပြုလုပ်ခဲ့ကြသည်။

# AWR Convention







ဧရာဝတီတိုင်းဒေသကြီး ၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာမြို့တွင် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာ ၂၇-၃၀ ရက်နေ့အထိ **AWR Convention** အစီအစဉ်ကို အောင်မြင်စွာဖြင့် ပြုလုပ်ကျင်းပခဲ့ပါသည်။ ၄င်း **Convention**ကို **Myanmar Union Mission**မှ **Communication Director Pr.Teint Saung** ဦးဆောင်ပြီး**AWR Asia-Pacific Regional Director**ဖြစ်သည့် **Robert Dulay**၊ **Union Officer**များ၊ **Mission Officer**များ၊ **Director** များ၊ **AWR Staff** များ၊ **Producer** များ၊ မြန်မာတစ်နိုင်ငံလုံးရှိ **AWR Radio** သောတရှင်များ ၊ **ASAP Supervisor**များ ၊ ဧရာဝတီတိုင်းသာသနာနယ်ရှိ နယ်နီးအချို့နှင့် အသင်းသူ /သားများ တက်ရောက်ခဲ့ကြပါသည်။ **Convention** အပြီး နိုဝင်ဘာ(၃၀) ရက်နေ့ဥပုသ်နေ့၌ ယုံကြည်သူအသစ် (၆၇)ဦးသည် သခင်ခရစ်တော်ကို မိမိတို့၏ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံပြီး နှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်။

# MSA Seminar and BTTA Convocation

၂၀၂၄ခုနှစ် ၊ စက်တင်ဘာလ ၁၈-၁၉ရက်နေ့အထိ အထက်မြန်မာပြည်သာသနာ ၊မန္တလေးတိုင်း ၊ ပြင်ဦးလွင်အသင်းတော်ဌာနချုပ်၌ မြန်မာယူနီယံမှ ကလေးနှင့်ဓမ္မဆရာဇနီးများဌာနညွှန်ကြားရေးမှူး ဆရာမဒေါ်ချိုချိုပေါလ်မှ ဦးဆောင်ကာ မုံရွာ ၊စစ်ကိုင်း ၊ မန္တလေး၊ အနီးစခန်း ၊ ပြင်ဦးလွင်ရှိ ဓမ္မဆရာဇနီးများ၊ ဆရာမများတက်ရောက်ခဲ့ကြသည်။ ထို့အပြင် စက်တင်ဘာ ၂၁-၂၂ အထိ **AIJ(Alive in Jesus)**ဆိုသော အကြောင်းအရာနှင့်လည်း သင်တန်းပေးခဲ့သည်။







# UMM Disciple Making Evangelistic Meeting

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလ ၁၅ -၂၅ရက်နေ့အထိ အထက်မြန်မာပြည်သာသနာ၊ မြစ်ကြီးနားမြို့နယ်၊ မလိခကျေးရွာ၌ မြန်မာယူနီယံမှဘဏ္ဍာစိုးဆိုင်ရာညွှန်ကြားရေးမှူး ပါစတာဦးရွှေသက်ဦး ၊ဥပုသ်စာဖြေကျောင်းနှင့်တစ်ဦးချင်းသာသနာပြုညွှန်ကြားရေးမှူး ပါစတာဦးတင်မောင်ကြည် ၊ အထက်မြန်မာပြည်ဥပုသ်စာဖြေနှင့် တစ်ဦးချင်းသာသနာပြုဌာန၊ ဘဏ္ဍာစိုးဆိုင်ရာညွှန်ကြားရေးမှူး ပါစတာဦးပီတာဇုန်းယိန်းနှင့်ဇနီးတို့အပြင်အထက်မြန်မာပြည်မှတာဝန်ရှိဆရာ/မများလည်းပါဝင်ဦးဆောင်ဟောကြားခဲ့ပြီး နေ့ခင်းဘက်တွင်လည်းကျန်းမာရေးစစ်ဆေးပေးခြင်းများလည်းပြုလုပ်ခဲ့ပါသည်။ ထိုတရားပွဲ၌ မလိခကျေးရွာရှိ အသင်းသူ/သားများနှင့် ဓမ္မမိတ်ဆွေများတက်ရောက်ခဲ့ကြသည်။



# Union wide Youth Evangelistic Meeting

အရှေ့တောင်တိုင်းသာသနာတွင်ပြုလုပ်သော **Union wide Youth Evangelistic Meeting** အစီအစဉ်ကို ၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၃၀ - နိုဝင်ဘာ ၉ ရက်နေ့အထိ အရှေ့တောင်တိုင်း ၊ ဘားအံသာသနာနယ်၊ နယ်ခြားအသင်းတော်၌ **MYUM Youth Director Pr. Mang Sian Tuang** နှင့်အတူ အရှေ့တောင်တိုင်းသာသနာ၏**officer**များနှင့် တိုင်းငါးတိုင်းရှိ လူငယ်ဌာနညွှန်ကြားရေးမှူးများမှ တရားဒေသနာများဖြင့်အားပေးခဲ့ကြသည်။ ထိုအစီအစဉ်၌ နယ်ခြားအသင်းတော်ရှိ အသင်းသူအသင်းသားများ ၊ ရေဘူဓမ္မကျမ်းစာကျောင်းရှိ (၁၁)တန်းနှင့် (၁၂)တန်းကျောင်းသူကျောင်းသားများ တက်ရောက်ခဲ့ကြသည်။ ထို့အပြင် နိုဝင်ဘာ ၃ ရက်နေ့၌ လှိုင်းဘွဲနယ် ၊ ရှမ်းရွာသစ်တွင်ရှိသော **Global Mission Worker** ထံသို့သွားရောက်လည်ပတ်အားပေးခြင်း၊ ဆုတောင်းပေးခြင်းနှင့် လိုအပ်သည်များပြင်ဆင်ပေးခြင်းများပြုလုပ်ပေးခဲ့ကြသည်။







# AWR ရခိုင်ဘာသာစကားဆက်ကပ်အပ်နှံခြင်းအစီအစဉ်။

၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလ (၁၃)ရက် ၊နံနက် ၉း၀၀နာရီအချိန်၌ **AWR** ရခိုင်ဘာသာစကားထုတ်လွှင့်ရန် ဆက်ကပ်ခြင်းအစီအစဉ်အား ရန်ကုန်တိုင်းဌာနချုပ်၌အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ကြသည်။ ထိုအစီအစဉ်တွင် မြန်မာယူနီယံမှ သာသနာ့ဆက်သွယ်ရေးဌာနညွှန်ကြားရေးမှူး ပါစတာဦးတိန့်ဆောင်မှတက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်တိုင်းသာသနာချုပ် **Officer**များနှင့် မြန်မာယူနီယံ **AWR** အလုပ်အမှုဆောင်များတက်ရောက်ခဲ့ကြသည်။







# *Union Wide Communication Training*






မြန်မာယူနီယံ၏အသင်းတော်ဌာနချုပ်၌ပြုလုပ်ခဲ့သည့် **Union Wide Communication Training** အစီအစဉ်ကို(၂၀၂၄)ခုနှစ်၊ စက်တင်ဘာလ(၁၂-၁၅)ရက်နေ့အထိ **SSD** မှ **Communication Director Pastor Heshbon Buscato**နှင့် မြန်မာယူနီယံ၏ သာသနာ့ဆက်သွယ်ရေးညွှန်ကြားရေးမှူး ပါစတာဦးတိန့်ဆောင်တို့မှ သင်တန်းများပို့ချခဲ့ရာ ထိုသင်တန်းတွင်မြန်မာယူနီယံရှိ **AWR** အမှုဆောင်များ၊ တိုင်းငါးတိုင်းရှိ **AWR** ၏အမှုဆောင်များ၊**Communication** အမှုဆောင်များနှင့် သာသနာ့မီဒီယာအဖွဲ့သားများမှပါဝင်တက်ရောက်ခဲ့ကြသည်။



# *Treasury Department Certificate of Recognition*



၂၀၂၄ခုနှစ်၊ **Southern Asia Pacific Division (SSD)**ရှိ **SSD Treasury Evaluation Team** မှ ပေးအပ်သည့် **Treasury Department Certificate of Recognition** ပထမဆုကို မြန်မာယူနီယံမစ်ရှင်**Treasury Department** မှ ထိုက်ထိုက်တန်တန်ရရှိသွားခဲ့ပါသည်။

# GC Annual Concil Meeting



General Conference ၏ Executive Committee Member ဖြစ်သော မြန်မာယူနီယံမစ်ရှင်၏ ဥက္ကဋ္ဌကြီးပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှသည်၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၁၀-၁၆)ရက်နေ့အထိ အမေရိကန်နိုင်ငံ Silver Mary Land ၌ ပြုလုပ်ခဲ့သည့် General Conference ၏ Annual Concil Meeting အစီအစဉ်သို့ တက်ရောက်ခဲ့သည်။

# မြန်မာယူနီယံ ဆိုင်းဘုတ်အသစ် ပြောင်းလဲ တည်ဆောက်ဆက်ကပ်ခြင်း

မြန်မာယူနီယံ ဆိုင်းဘုတ်ပုံစံအသစ်ပြောင်းလဲတည်ဆောက်ဆက်ကပ်ခြင်းအစီအစဉ်ကို SSD ဥက္ကဋ္ဌ Pr. Roger Caderma, SSD Associate Secretary Pr. Mamerto Guingguing, SSD Communication Director Pr. Heshbon Buscato တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး MYUM Officerများ, Director များနှင့် EC Memberများ ပါဝင်တက်ရောက်ခဲ့ကြသည်။








# † ဝမ်းနည်းကြေကွဲခြင်း †

- ထားဝယ်မြို့၊ ထီးဖဒိုကျေးရွာ၊ သရက်ချောင်းအုပ်စုတွင်နေထိုင်သည့် ပင်စင်စား ပါစတာ ဦးပိုးလေး၏ဇနီးဖြစ်သူ၊ စောကော်မူး၊ စောအယ်ကော်လေး၊ စောကပရူ၊ နော်ဆဲနေဖောတို့၏ မိခင် ဆရာမဒေါ်ဖောရီ အသက် (၆၁)နှစ်သည် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း မိသားစုများနှင့်ထပ်တူ မြန်မာယူနီယံအသင်းတော်ဌာနချုပ်မှလည်း ဝမ်းနည်းကြေကွဲပါကြောင်း။
- **India**၊ ပူးနားမြို့တွင်နေထိုင်သည့် မြန်မာယူနီယံအသင်းတော်ဌာနချုပ်၏ အတွင်းရေးမှူးဒေါက်တာဦးထန်လန်းမုန်၏ မိခင်ဖြစ်သူ **Daw Lawm Sangi** အသက် (၈၀)သည်၂၀၂၄ခုနှစ် ၊ နိုဝင်ဘာလ(၁၀)ရက်နေ့၌ ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း မိသားစုများနှင့်ထပ်တူ မြန်မာယူနီယံအသင်းတော်ဌာနချုပ်မှလည်း ဝမ်းနည်းကြေကွဲပါကြောင်းတင်ပြလိုက်ရပါသည်။

## GC (62nd)Session SSD



၆၂ကြိမ်မြောက် ကမ္ဘာ့ဌာနချုပ်အစီအစဉ် အစီရင်ခံမှတ်တမ်းအတွက် နေပြည်တော်မြို့၌ ရိုက်ကူးရေးအစီအစဉ်အား မြန်မာယူနီယံမှ သာသနာ့ဆက်သွယ်ရေးညွှန်ကြားရေးမှူး ပါစတာ ဦးတိန့်ဆောင်နှင့်အဖွဲ့မှ ၂၀၂၄ခုနှစ်၊ဂျွန်လ ၃၀ မှ ဂျွန်လိုင် ၃ရက်နေ့အထိ ရိုက်ကူးရေးများကို ပြုလုပ်ခဲ့ကြသည်။

## YEAS ကျောင်းတော်သို့လည်ပတ်ခြင်း



ရန်ကုန်တိုင်း၊ ငါးဆူတောင်ကျေးရွာရှိ ကိုရီးယားဆရာကြီးဦးဒေးဗစ် ဦးဆောင်သည့် (YEAS) Yangon East Adventist Seminary ကျောင်းတော်၌ ရန်ကုန်တိုင်းဥက္ကဌကြီး ပါစတာဦးမောင်မောင်ငွေနှင့် ရန်ကုန်တိုင်း အုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာယူနီယံမှပညာရေးညွှန်ကြားရေးမှူး ပါစတာဦးမောရစ်ချစ်တို့မှ ၂၀၂၄ခုနှစ်၊ မေလ (၂၁)ရက်နေ့တွင် သွားရောက်ကာ ဆရာ/မများနှင့်တွေ့ဆုံပွဲပြုလုပ်ခဲ့ကြသည်။

## MYUM Communication Training



၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၇-၉ရက်နေ့အထိ ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ မြက်တိုအသင်းတော်နှင့် ၂၀၂၄ခုနှစ်၊ ဇူလိုင်လ၂၅ရက်နေ့တွင် ရန်ကုန်၊ သုခအသင်းတော်၌ မြန်မာယူနီယံမှ သာသနာ့ဆက်သွယ်ရေးညွှန်ကြားရေးမှူးပါစတာဦးတိန့်ဆောင်နှင့် မြန်မာယူနီယံ၊ AWR Inchargeမှ ဆရာဦးစောကပေါ်မူးတို့မှသွားရောက်ကာ မီဒီယာနှင့်ပတ်သက်သည့် သင်တန်းများပို့ချပေးခဲ့သည်။ ၎င်းသင်တန်းတို့တွင် သာသနာ့ခေါင်းဆောင်များ၊ ဧည့်သည်တော်များနှင့် မီဒီယာမှအလုပ်အမှုဆောင်များ ပါဝင်တက်ရောက်သင်တန်းရယူခဲ့ကြသည်။

## Church Elders Certification Meeting

ရန်ကုန်တိုင်းရှိ အသင်းလူကြီးများအား မြန်မာယူနီယံမှ ဂုဏ်ပြုလွှာများပေးအပ်ခြင်းအစီအစဉ်အား ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့၌ မြန်မာယူနီယံ၏အတွင်းရေးမှူး ဒေါက်တာဦးထန်လန်းမုန်မှ ပေးအပ်သွားခဲ့သည်။



## Back to the Altar and The Living Hope Myanmar

## အတွက်ဆွေးနွေးခြင်းအစီအစဉ်

၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့၌ မြန်မာယူနီယံရှိ YCCအသင်းတော်ဘုရားကျောင်း၌ Back to the Altar and The Living Hope Myanmar အတွက် ဆွေးနွေးခြင်းအစီအစဉ်အား မြန်မာယူနီယံဥက္ကဌကြီး ပါစတာဦးအယ်ဗင်းဖိုးဖိုးလှမှ ဦးဆောင်၍ ပြုလုပ်သွားခဲ့သည်။ ၎င်းအစီအစဉ်တွင်ယူနီယံ Officerများနှင့် ဒါရိုက်တာများ၊ Mission Officersနှင့် ဒါရိုက်တာများ၊ Mission Ministerial Secretary တို့မှ တက်ရောက်ခဲ့ကြပြီး မိမိတို့၏အတွေ့အကြုံများနှင့် အတွေးအမြင်သစ်များအား ဆွေးနွေးတိုင်ပင်သွားခဲ့ကြသည်။



## ၇၄ကြိမ်မြောက် World Pathfinder Day

၇၄ကြိမ်မြောက် World Pathfinder Dayအစီအစဉ်အား လူငယ်ဌာနနှင့်ကျန်းမာရေးသာသနာဌာနမှဦးဆောင်ကာ Community Health Screening ကို ရန်ကုန်ဗဟိုအသင်းတော်တွင် ပြုလုပ်ခဲ့သည်။ အစီအစဉ်တွင် ရန်ကုန်ဗဟိုအသင်းတော်အနီးတွင်ရှိသည့် မိတ်ဆွေများလာရောက်ကာ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။



## The Great Controversy စာအုပ်အား ဆက်ကပ်အပ်နှံခြင်း





၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့တွင် ကျရောက်မည့် Hope Impact Day နေ့တွင် သတင်းစကားမကြားရသေးသောသူများအား ဝေမျှရန် Missionary book of the year ဖြစ်သော(The Great Controversy) မျက်မှောက်ကာလမှ ထာဝရကာလသို့ စာအုပ်အား ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ( ၂၉ )ရက်နေ့တွင် မြန်မာယူနီယံမစ်ရှင် ဥက္ကဌကြီး ပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှ၊ ဘဏ္ဍာရေးမှူးဆရာကြီးဦးခဲလေသိန်း၊ ဝိညာဉ်တော်စာပေပုံနှိပ်ထုတ်ဝေရေးဌာနညွှန်ကြားရေးမှူး ဆရာကြီးဦးဖုန်းနိုင်နှင့် ဥပုသ်စာဖြေနှင့်တစ်ဦးချင်းသာသနာပြုညွှန်ကြားရေးမှူး ပါစတာဦးတင်မောင်ကြည်တို့မှ ကင်းစောင့်ပုံနှိပ်တိုက်သို့ သွားရောက်ကာ ဆက်ကပ်အပ်နှံခြင်းအစီအစဉ်ကို ဝမ်းမြောက်စွာဖြင့်ပြုလုပ်ခဲ့ကြကာ အစီအစဉ်တွင် မြန်မာယူနီယံမစ်ရှင် ဥက္ကဌကြီး ပါစတာဦးအယ်လ်ဗင်းဖိုးဖိုးလှမှ အထူးဆက်ကပ်ဆုတောင်းပေးခဲ့သည်။

## Buddhist MinistryTraining



မန္တလေးသာသနာနယ်ရှိ၊ ပြင်ဦးလွင်အသင်းတော်ဘုရားကျောင်းတွင် ၂၀၂၄ခုနှစ်၊ မေလ ၂၀-၂၃ရက်နေ့အထိတွင် Buddhist MinistryTrainingကိုပြုလုပ်ခဲ့ရာတွင် မန္တလေးသာသနာနယ်ရှိ အလုပ်အမှုဆောင်များတက်ရောက်ခဲ့ပြီး ဒေါက်တာမိုးကျော်မှသင်တန်းပို့ချပေးခဲ့သည်။ ထို့ပြင် ၂၀၂၄ခုနှစ်၊ ဇွန်လ၂၄ရက်မှ၂၈ရက်နေ့အထိ Buddhist Ministry Training နှင့် Muslim Ministry Trainingကို တောင်ဇလပ်အသင်းတော်ဘုရားကျောင်းတွင် ဒေါက်တာမိုးကျော်နှင့် ဒေါက်တာ နေအောင်တို့မှ သင်တန်းများပို့ချပေးခဲ့ရာ ကလေးသာသနာနယ်နှင့် တာဟန်းသာသနာနယ်မှ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြသည်။

## Children's Evangelist Meeting



၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၁-၂၃ရက်နေ့အထိ
ပန်ပီးအသင်းအုပ်ဆရာနှင့်
ကျောင်းအုပ်ဆရာကြီး Kam Sian Mang တို့မှ
ဦးဆောင်ကာ ကလေးများတရားပွဲအစီအစဉ်ကို
အောင်မြင်စွာဖြင့်ပြုလုပ်ခဲ့ရာ
ဝိညာဉ် (၁၉)လုံးရိတ်သိမ်းနိုင်ခဲ့သည်။

## Medical Missionary

အလယ်ပိုင်းတိုင်း၊ ကျောက်တိုင်သာသနာနယ်၌ ဆရာဦးကလူထူးဦးဆောင်သည့် Medical Missionary ၏ ဝိညာဉ်ရိတ်သိမ်းမှုအား ၂၀၂၄ခုနှစ်၊ ဇွန်လ ၂၆ရက်နေ့၌ ပြုလုပ်ခဲ့ရာ ဝိညာဉ်ပေါင်း(၂၆) လုံးရိတ်သိမ်းနိုင်ခဲ့သည်။



## COTTAGE MEETING



Pastor U Daniel Win Let ဦးဆောင်သည့် COTTAGE MEETING အား အလယ်ပိုင်းတိုင်း၊ သရက်မြို့တွင် ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၁-၂၇ရက်နေ့အထိ အောင်မြင်စွာဖြင့်ပြုလုပ်နိုင်ခဲ့သည့်အပြင် အလယ်ပိုင်းတိုင်း၊ ဦးလျှစ်ပင်မြို့တွင်လည်း အမှုတော်အတွက်သာသနာကျယ်ပြန့်ဖို့ရန် လုပ်ဆောင်လျက်ရှိပြီး အသင်းသားအသစ်များလည်း ရှိနေပြီဖြစ်သည်။

## အလယ်ရိုးမမေ့ကျမ်းစာကျောင်းဖွင့်ပွဲ

ရန်ကုန်ဗဟိုအသင်းတော်ဘုရားကျောင်း၏ အသင်းထောက်မယ်ဟောင်း ဆရာမကြီးဒေါ်ကြည်ကြည်အေးမှ ဦးဆောင်ဖွင့်လှစ်ထားသည့် အလယ်ပိုင်းတိုင်း၊ ဖဒိုသာသနာနယ်၊ အလယ်ရိုးမမေ့ကျမ်းစာကျောင်းဖွင့်ပွဲအား ၂၀၂၄ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့တွင် အလယ်ပိုင်းတိုင်းရှိ တာဝန်ရှိဆရာကြီးများမှ သွားရောက်ပြုလုပ်ခဲ့ကြကာ ကျောင်းသူ/သားများနှင့် ရပ်ရွာမိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။



# ယဖ်ပလ္လင်သို့ ပြန်သွားခြင်း

## နှလုံးသားတိုင်းနှင့် အိမ်တိုင်း၌ ဘုရားသခင်အတွက် နေ့စဉ်နေရာထားရှိခြင်း

ယဇ်ပလ္လင်သို့ပြန်သွားခြင်း(**BTTA**)သည် တပည့်တော်ဖြစ်ခြင်းဟုခေါ်ဆိုမှုဖြစ်ပြီး သခင်အတွက် တပည့်များဖြစ်စေရန် ဖြစ်သည်။ ၎င်းသည် ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ယုံကြည်သူများ၏ မိသားစုဝတ်ပြုကိုးကွယ်မှုပြုခြင်းနှင့် တစ်ဦးချင်းဆီအား တိုက်တွန်းနှိုးဆော်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အသင်းတော်၏ အစီအစဉ်တစ်ခုဖြစ်သည်။

ဘုရားသခင်နှင့်အချိန်အသုံးပြုခြင်းသည် ယေရှုခရစ်တော်၏ပညာရှိစွာဆုံးဖြတ်ချက်ချသော လျှို့ဝှက်ချက်ဖြစ်ပြီး အသက်တာပြောင်းလဲခြင်းစွမ်းအားလည်းဖြစ်သည်။ တပည့်တော်(၁၂)ဦးကိုမရွေးချယ်မီ ယေရှုသည်ခမည်းတော်နှင့်ဆုတောင်းသည့် ယဇ်ပလ္လင်တွင် တစ်ညလုံးနေခဲ့ရသည်။ (လုကာ ၆း၁၂-၁၃)

### တပည့်တော်၏အခြေခံမှု။

၁။ သင်၏အရှိကိုအရှိအတိုင်း သခင်ယေရှုထံလာပါ။ (မဿဲ ၁၁း၂၈-၃၀၊ မာကု ၂း၁၇၊ ၁ယောဟန် ၅း၁၃)
၂။ သခင်ယေရှုကို သခင်အဖြစ်ဂုဏ်ပြုပါ။ (ဟေရှာယ ၅၀း၄၊ ဖိလိပ္ပိ ၂း၅-၁၁၊ ၁ကော ၁၀း၃၁)
၃။ ယေရှုကို နှုတ်ကပါတ်တော်နှင့် ဆုတောင်းခြင်း၌ ရှာဖွေတွေ့ရှိပါ။ (ယောဟန်၅း၃၉၊ မဿဲ၇း၂၄)
၄။ သန့်ရှင်းသောဝိညာဉ်တော်၏ လတ်ဆတ်သော ဗတ္တိဇံအသစ်ကိုခံယူပါ။ (လုကာ၁၁း၉-၁၃၊တမန်တော် ၁း၄-၅)
၅။ နေ့တိုင်း သင့်မိသားစုကို ဆက်ကပ်သောယဇ်ပူဇော်ပါ။ (တရားဟောရာ ၆း၄-၇၊ မာလခိ ၄း၅-၆၊ ဧဖက် ၅း၂၀-၃၃)
၆။ အခြားသူများကို ယေရှုထံ တညီတညွတ်တည်း တပည့်တော်အဖြစ်တည့်မတ်ပေးပါ။ (မဿဲ ၂၈း၁၈-၂၀)
၇။ သင်၏ဘုရားသခင်ပေးသော သာသနာတော်အတိုင်းနေထိုင်ပါ။ (မဿဲ ၉း၃၅-၃၈၊လုကာ၁၀း၁-၃)

### မိသားစုယဇ်ပလ္လင်တစ်ခုသည် သင်၏မိသားစုကိုပြောင်းလဲလိမ့်မည်။

မိသားစုဝတ်ပြုခြင်းသည် ဘုရားသခင်အား ပုံမှန်ဝတ်ပြုကိုးကွယ်ရန် အတူတကွစုစည်းသောမိသားစု၏စံနှုန်းတစ်ခုဖြစ်ရာ-
က) သူ၏နှုတ်ကပါတ်တော်ကိုဖတ်ခြင်း
ခ) ဆုတောင်းခြင်း
ဂ) ချီးမွမ်းခြင်းနှင့်
ဃ) သာသနာလုပ်ငန်းများတွင် ပါဝင်နိုင်ရန်နည်းလမ်းများကို ရှာဖွေခြင်းတို့ဖြစ်သည်။ **(S.joseph Kinder)**

### မိသားစုယဇ်ပလ္လင်ကို တည်ဆောက်သည့်အခါ 5CS ကို သတိရပါ။

**(Consistency, Communication,Conseration,Creativity and Camaraderie)**

အပြောင်းအလဲမရှိခြင်း။ သင်၏အချိန်ဇယားတွင် အလေ့အကျင့်စွဲမြဲသွားသည်အထိ ဤအချိန် (မိသားစုယဇ်ပလ္လင်)ကို ဦးစားပေးအဖြစ်အတူတကွထားရှိပါ။
ဆက်သွယ်ရေး။ ၎င်းသည် ဘုရားသခင်နှင့်စကားပြောရန် အချိန်တစ်ခုသက်သက်သာမက တစ်ဦးနှင့်တစ်ဦးစကားပြောခြင်း၊ ဝန်ထုတ်များနှင့် ကောင်းချီးမင်္ဂလာများကို ဝေငှပြောဆိုပါ။
အထွတ်အမြတ်ထားရည်စူးခြင်း။ သင်၏မိသားစုယဇ်ပလ္လင်၌ ချီးမွမ်းခြင်းနှင့်ဝတ်ပြုခြင်းကို ဘုရားသခင်ထံအချိန်အခါကောင်းအဖြစ် ဆက်ကပ်ပါ။
တီထွင်ဖန်တီးမှု။ မိသားစုယဇ်ပလ္လင်တွင် သင့်ကလေးများကို ပါဝင်စေပါ။ ဤအချိန်သည် ရိုးသားဖြူစင်မှု၊ ရိုသေလေးစားခြင်းစသည်တို့ဖြင့်ပျော်စရာကောင်းအောင်ပြုမူလုပ်ဆောင်ပါ။
တစ်ဦးနှင့်တစ်ဦးခင်မင်ယုံကြည်ကြခြင်း။ သင်တည်ဆောက်သော ယဇ်ပလ္လင်သည် သင်၏မိသားစုတစ်ခုတည်ဆောက်နေခြင်းဖြစ်သည်။ သင်၏ကလေးများသည် သင်မျှဝေခဲ့သော သေးငယ်သောအချိန်လေးကိုပင် ချစ်ခင်မြတ်နိုးတန်ဖိုးထားကြလိမ့်မည်။
မိသားစုယဇ်ပလ္လင်သည် ဘုရားသခင်အတူရှိခြင်းအကြောင်းဖြစ်သော ဘုရားသခင်၏ သေတ္တာတော်ကို သင့်အိမ်သို့သယ်ဆောင်လာစေပြီး သင်၏မိသားစုအတွင်း၌ ဘုရားသခင်အပေါ် ယုံကြည်ခြင်းနှင့် စိတ်ချယုံကြည်မှုတည်ဆောက်ရန်ဖြစ်သည်။

**(Adventist Family Ministries) Southern Asia-Pacific Division of the General Conference**
**(Pastor Teint Saung** မှ ဘာသာပြန်တင်ဆက်သည်)

# Secretariat Development Program

မြန်မာယူနီယံအတွင်းရေးမှူး ဒေါက်တာဦးထန်လန်းမုန်ဦးဆောင်သည့် Secretariat Development Program အစီအစဉ်အား ဧရာဝတီတိုင်းတွင် ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့တွင်၎င်း၊ အလယ်ပိုင်းတိုင်း၌ ဇူလိုင်လ (၃၀)ရက်နေ့တွင်၎င်း၊ အရှေ့တောင်တိုင်း၌ ဩဂုတ်လ (၆)ရက်နေ့၌၎င်း အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့သည်။



# CHOSEN FOR MISSION အစီအစဉ်

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၁-၁၄ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ **SSD** မှဦးစီးကျင်းပသည့် **CHOSEN FOR MISSION** အစီအစဉ်အား မြန်မာယူနီယံမှ **officer** ကြီးများ၊ မစ်ရှင်**officer** ကြီးများနှင့် တိုင်းအသီးသီးမှ တာဝန်ရှိအသင်းတော်ဆရာကြီးများမှ မြန်မာပြည်ကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။






# ကျောင်းစစ်ဆေးခြင်းအစီအစဉ်

အထက်မြန်မာပြည်၏ ပြင်ဦးလွင်အသင်းတော်ကျောင်း (**POLAS**) သို့ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၈-၃၀ ရက်နေ့အထိ မြန်မာယူနီယံ ပညာရေးဌာနညွှန်ကြားရေးမှူး ပါစတာ ဦးမောရစ်ချစ်၊ အထက်မြန်မာပြည်၏ ပညာရေးမှူးပါစတာဦးတွမ်ဆွမ်းကင်နှင့် တာဝန်ရှိဆရာကြီးများမှသွားရောက်ကာ ကျောင်းစစ်ဆေးခြင်းများ







ပြုလုပ်ခဲ့ကြသည်။ ၎င်းတွင် မြန်မာယူနီယံမှ ပညာရေးဌာနညွှန်ကြားရေးမှူး ပါစတာဦးမောရစ်ချစ်နှင့် အထက်မြန်မာပြည်၏ပညာရေးမှူး ပါစတာဦးတွမ်ဆွမ်းကင်တို့မှ လိုအပ်သည်များကို မှာကြားခြင်းနှင့်အားပေးစကားများပြောကြားခြင်းတို့ကို ပြုလုပ်သွားခဲ့ကြသည်။ ၎င်းကျောင်း၌ ဆရာ/မ(၁၃)ဦးတို့မှ ကျောင်းသူ/သားအယောက်(၁၄၀)အား ပညာများသင်ကြားပေးလျက်ရှိကြသည်။

# SSD- WIDE GLOBAL MISSION PIONEER CONVENTION

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၁-၂၇ရက်နေ့အထိ SSD - WIDE GLOBAL MISSION PIONEER CONVENTION အစီအစဉ်အား မြန်မာပြည်မှ ကိုယ်စားလှယ်များအဖြစ် မြန်မာယူနီမှ လူငယ့်သာသနာညွှန်ကြား




ရေးမှူး ပါစတာ ဦးမန်ရှမ်းတွမ်၊ အထက်မြန်မာပြည်၏ အတွင်းရေးမှူး ပါစတာဦးလားရွှန်ဘောလာ၊ ဆရာခရစ်စတိုဖာနှင့် ဆရာမသူဇာလွင်တို့မှ တက်ရောက်ခဲ့ကြပါသည်။



# REVELATION Seminar အစီအစဉ်

အလယ်ပိုင်းတိုင်း အတွင်းရေးမှူး **Pr. Isaiah Hai** နှင့် **Pr. U Hlaing Win Aung** တို့မှ ဦးဆောင်၍ REVELATION Seminar အစီအစဉ်အား ၁/၂၃၇ ဘုံကျောင်းလမ်း၊ ဖဒိုမြို့ရှိ အသင်းတော်ဘုရားကျောင်းတွင် မနက် ၉း၀၀မှ ညနေ၃း၃၀အထိ ၂၀၂၄၊ ဇူလိုင်လ ၂၂-၂၅ရက်နေ့အထိ အောင်မြင်စွာဖြင့် ပြုလုပ်ခဲ့ကြသည်။ အစီအစဉ်တွင် ဖဒိုသာသနာနယ်ရှိ အသင်းသူ/သားများ ပါဝင်တက်ရောက်ခဲ့ကြသည်။



# တာချီလိတ် House Church ဆက်ကပ်ခြင်းအစီအစဉ်

တာချီလိတ်မြို့ရှိ၊ အလှူရှင်ဒေါ်နာထီးမိသားစုများမှ House Churchတစ်လုံးအား ၂၀၂၄ခုနှစ်၊ မေလ(၂၇) ရက်နေ့တွင် အောင်မြင်စွာဖြင့် ဆက်ကပ်လှူဒါန်းခြင်းအစီအစဉ်အားပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်တွင် မြန်မာယူနီယံမှ **Officer** များ၊ အလယ်ပိုင်းတိုင်းမှ **Officer**များနှင့် အသင်းသူ/သားများပါဝင်တက်ရောက်ခဲ့ကြသည်။

